
ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်

# ချင်းအမျိုးသားရေးစာစောင်

- အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
- ကိုယ့် ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊
- ဒီမိုကရေစီစနစ် ထူထောင်ရန်။

အတွဲ၊ ၁ အမှတ် ၄ အောက်တိုဘာလ၊ ၂၀၁၂–ခုနှစ်



## ပြည်သူတရပ်လုံးထံ ရင်ဖွင့်စာ

**ဆလိုင်းအောင်လိန်းထန်း**

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နံနက် (၁၀) နာရီ အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ကချင် ၊ ချင်း ၊ ရှမ်းကိုယ်စားလှယ် များတို့၏ ခွင့်တူညီမျှ တလုံး တစည်းတည်း နေထိုင်တော့မည်ဟု သံန္နိဌာန် သဘောတူ လက်မှတ် ရေးထိုးသည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ အချုပ်အခြာ အာဏာ ပိုင်ဆိုင်တဲ့ လွတ်လပ်သော မြန်မာနိုင်ငံ ဖြစ်လာနိုင်ရေးအတွက် တိုင်းပြု ပြည်ပြု လွှတ်တော် ကိုယ်စားလှယ် ရွေးကောက် ကျင်းပပြီး ပင်လုံစာချုပ်ကို အခြေခံပြီး ကမ္ဘာ့ရှိ အတောက် ပဆုံး အကောင်း မွန်ဆုံး ဖြစ်သည့် ၁၉၄၇–ခုနှစ် ပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန်နှင့် လက်တွေ့အ ကောင်အထည် ဖေါ်နိုင်ရေးအတွက် ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် တိုင်းပြု ပြည်ပြုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး ကျင်းပခဲ့သည်။ ထိုအစည်း အဝေးတွင်ပင် အမျိုး ဘာသာ၊သာသနာ မဟာလူမျိုးကြီးဝါဒဖြင့် မသမာပုဂ္ဂိုလ်များ၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း အပါဝင် တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ်များ ကျဆုံးကြသည်။ ထို့ကြောင့် လက်ကျန် ကိုယ်စားလှယ် ဦးနုကို ဘုရင်ခံက ညတွင်း ချင်း ပင်လုံခေါ်၍ ကြားဖြတ် အစိုးရဖွဲ့ရန် အခွင့်အာဏာ အပ်နှင်း လိုက်သည်။ ထို့ကြောင့် ပင်လုံစာချုပ်ကို အခြေခံသည့် ၁၉၄၈–ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်လက်အောက် ကျွန်ဘဝမှ အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အဖြစ် လွတ်လပ်ရေး ရရှိခဲ့ခြင်း ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီး အစိုးရသစ်တွင် ဦးနု ဝန်ကြီးချုပ် ဖြစ်လာသည်။ နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရားတွင် ပင်လုံစာချုပ်ကို အခြေမခံ သည့် တစ်ပြည် ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၇–ခုနှစ် ဖွဲ့ စည်း အုပ်ချုပ်ပုံသည် နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားတွင် ပင်လုံ စာချုပ် အခြေမခံခြင်းကြောင့် တန်းတူညီမျှစွာ အုပ်ချုပ်ခြင်း မရှိခဲ့ပေ။

ပင်လုံစာချုပ်ကို လစ်လျူရှုရာရောက် သည့် အတွက်ကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကြီး ပြိုကွဲပြီး လူမျိုးရေး ဘာသာ ရေး မကျေမနပ်မှုများ ဖြစ်ပေါ်စေသောကြောင့် တိုင်းရင်းသား ခေါင်းဆောင်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာ ဖြေရှင်းရေး တွင် ရှမ်းပြည်နယ်မှ တင်သွင်းသော အခြေခံဥပဒေ ပြင်ဆင်ရေး စာတမ်းကိုရေးဆွဲရာနှင့် တောင်ပေါ်သားများ စည်းလုံးညီ ညွတ်ရေးဦးစီးအဖွဲ့ ပြန်အသက်သွင်းရန် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ စံမြတ်ရိပ်သာ၌၁၉၆၁–ခုနှစ် ဇွန်လ(၈–၁၆) ရက်နေ့အထိ တွေ့ဆုံကာ ပြည်နယ်ပေါင်းစုံ ညီလာခံ ကျင်းပခဲ့ ပါသည်။ ထိုညီလာခံတွင် ရှမ်းပြည်နယ်မှ တင်သွင်းသော ၁၉၄၇– ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံဥပဒေ ပြင်ဆင်ရေး မူကြမ်းကို မူအားဖြင့် လက်ခံသဘော တူညီကြပြီး ရှမ်းပြည်နယ်မူကို အခြေပြု၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြေခံဥပဒေကို ပြင်ဆင်ရေး ဆွဲရာနှင့် နိုင်ငံတော်အစိုးရအား တောင်းဆိုရာ ဆုံးဖြတ်ခဲ့ပါသည်။

ဖက်ဒရယ်မူနှင့်ပတ်သက်၍ဆွေးနွေးပွဲကို ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် သဘာပတိအဖြစ် ဦးဆောင်ပြီး ပြည်သူ့ လွှတ်တော် ညီလာခံကျင်း ပစဉ် ၁၉၆၂–ခုနှစ် ဖေဖော်ဝါရီ လ(၂၄) ရက်နေ့ ညနေ(၆)နာရီတွင် ရန်ကုန်မြို့ပြည်လမ်း အသံလွှင့်ရုံခန်းမဆောင်၌ စတင် ကျင်းပခဲ့ ပါသည်။ ဆွေးနွေးပွဲ ပထမရက်တွင် ဝန်ကြီးချုပ်ဦးနုမှ မိန့်ခွန်း ပြောကြားပြီး တိုင်းရင်းသားခေါင်းဆောင်များမှ ဖက်ဒရယ်မူ နှင့်ပတ်သက်၍ တင်ပြခြင်းများနှင့် ထောက်ခံဆွေးနွေးမှုများ အသီးသီး ပြုလုပ်ခဲ့ကြပြီး အစည်းအဝေးကို မတ်လ ၁ရက် နေ့တွင် ပြန်လည်ကျင်းပရန် ရွှေ့ဆိုင်းထားခဲ့ပါသည်။ မတ်လ(၁)ရက် နေ့တွင် ပြန်လည်ကျင်းပကာ မတ်လ(၂)ရက်နေ့တွင် ဗိုလ်ချုပ် ကြီးနေဝင်း ဦးဆောင်သော စစ်တပ်သည် ဖက်ဒရယ်မူသည် ခွဲထွက်ရေး မူဖြစ် သည်ဟု အကြောင်းပြကာ နိုင်ငံတော်အာ ဏာကို သိမ်းယူခဲ့ ပါသည်။ ထိုကြောင့် တိုင်းရင်းသားများ၏ ဖက်ဒရယ်ပြည်ထောင်စု



*သတင်းနှင့်ပြန်ကြားရေးဌာန၊ ချင်းအမျိုးသားတပ်ဦးမှ လစဉ်ထုတ်ဝေသည်။*

တည်ဆောက်ရေးပင်လုံစာချုပ် ရည်မှန်းချက်သည် သဲထဲရေသွန် သကဲ့သို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကြီးသည် ငြိမ်သက် ခြင်းမရှိပဲ ဆက်လက် လောင်ကျွမ်း ခဲ့သည်မှာ ယနေ့ အထိပင် ဖြစ်ပါသည်။ အာဏာရှင် မဟာလူမျိုးကြီးဝါဒဖြင့် တော်လှန်ရေး ကောင်စီစသဖြင့် နာမည်တပ်ပြောင် ခေတ် အဆက်ဆက် နိုင်ငံတော် အာဏာ ဆုပ်ကိုင်ပြီး ပြည်သူလူထုကို နည်းမျိုးစုံဖြင့် ဖိနှိပ်အုပ်ချုပ် ခဲ့သည်။ မဟာလူမျိုး ကြီးဝါဒဖြင့် မြန်မာနိုင်ငံအတွင်း ဌါနေတိုင်း ရင်းသားများ မရှိဟု ကမ္ဘာ့ ကုလသမဂ္ဂအထိ လိမ်လည်ငြင်းဆိုခဲ့ သည်။ ထို့ကြောင့် တိုင်းရင်းသားများ၏ ကိုယ့်ကြမ္မာကို ဖန်တီး ပိုင်ခွင့်နှင့် ဒီမိုကရေစီ လူ့ အခွင့်အရေး ပြည်သူ ပြည်သား တရပ်လုံး ၏ အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှုတို့ကို ဆုံးရှုံးပြောက်ကွယ်ပြီး လက်တဆုပ်စာ စစ်တပ်လက်ထဲသို့ အာဏာရောက်ရှိပြီး နည်းမျိုး စုံဖြင့် ပြည်သူလူထုကို ဖိနှိပ်ညင်းပမ်း နှိပ်စက် ကြမ်း ကြုတ်မှု အမျိုး မျိုး ဖြင့် ချုပ်ချယ်သောကြောင့် မဟာလူမျိုးကြီးဝါဒ နာဇီ ဟစ်တလာ အာဏာရှင်ထက်တောင် ဆိုးဝါးခဲ့သည်။ မဟာလူမျိုးကြီး ဝါဒ အာဏာရှင် ဟစ်တလာသည် ဂျူးလူမျိုးများကို အစုလိုက် အပြုံ လိုက် မျိုးပြုတ်အောင်ရည်ရွယ်ပြီး နည်းမျိုးစုံဖြင့် နှိပ်စက် သတ်ဖြတ် ခဲ့သော်လည်း သူ၏ ဂျာမန် လူမျိုးကို တော့ ချစ်ခင် ရှိသေ လေးစား လျက်ရှိသည်။

ကျနော်တို့ မြန်မာပြည်သည် မဟာလူမျိုးကြီးဝါဒ စစ်အာဏာရှင် ကျတော့ အတတ်ပညာရှင် အသိပညာရှင် သူထက်သာမည့် ပုဂ္ဂိုလ် ဟူသမျှ ခေတ် အဆက်ဆက်မှ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ဒီမိုကရေစီတိုက်ပွဲဝင် ဆန္ဒဖော်ထုတ်သူများ၊ အာဏာ ဆန့်ကျင် ဖီဆန် သူဟူသမျှဗမာ တိုင်းရင်းသားလည်း ထိုနည်း တူစွာ ကိုယ့်အမျိုး၊ သူ့အမျိုး ကိုယ့်ဘာသာ သူ့ဘာသာ မသိနား လည် ယောင်ဆောင်ပြီး နည်းမျိုးစုံဖြင့် ညင်းပမ်းနှိပ်စက် လူ့ဘဝသက် တမ်းနှင့် မမျှအောင် ထောင်ချ ချုပ်နှောင် လျက်ရှိသည်။ ထို့ကြောင့် ဂျာမနီ ဖက်ဆစ် အာဏာရှင် ဟစ်တလာထက် ဆိုးသည်ဟု ပုံပြခြင်း ဖြစ်သည်။ ဗြိတိသျှကိုလိုနီ အစိုးရလည်း ထိုနည်းတူ သူ့ကိုပုန်ကန် တော်လှန်မည်ဟု ထင်သမျှလူကို မတော်လှန်ရဲအောင် နည်းမျိုးစုံဖြင့် ဖမ်းဆီး ညင်းပမ်းနှိပ်စက် ထောင်ချချုပ်နှောင်ခဲ့သော်လည်း အများဆုံး ၃– နှစ် အနည်း ဆုံး ၃–လ တို့ဖြင့် အင်္ဂလိပ် ဥပဒေနှင့် အညီ ထောင်ချချုပ်နှောင်ခဲ့သည်။ ထို့ကြောင့် ဘိုးဘွား တို့က လွတ်လပ်ရေးရတာ မှားပြီထင်တယ် အင်္ဂလိပ်ခေတ်ကို ပြန်လွမ်း တယ် ဟု တောင့်တကြသည် ကိုလည်း ကြားရသည်။ ထို့ကြောင့် ကျွန်ဘဝ အင်္ဂလိပ် အစိုးရ ထက်တောင် ဆိုးသည် ဟု နှိုင်းယှဉ်ထား ခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံပြည်သူ လူထု၏ အခွင့်အရေး ဆုံးရှုံးခြင်း ဟူသမျှ ပြန်လည် ရရှိရေးအတွက် နှုတ်၊ စာပေဖြင့် တောင်းဆိုပြု မရသည့်အတွက်ကြောင့် ၁၉၉၄–ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့ တွင် တော်လှန်ရေးတိုက်ပွဲ ဆင်နွဲတော့မည်ဟု ဆုံး ဖြတ်ချက် ချခြင်း၊ ချင်းအမျိုးသားတပ်ဦး Chi National Front အဖွဲ့အစည်း တော်လှန်ရေးသို့ နောက်လိုက်ကြဲ့ရာလှေစီးပြီး အာဏာရှင်ကို ဖီဆန်ခြင်းမဟုတ်ဘဲ မိမိကိုယ်ကို အခွင့် အာဏာရရှိရေးလည်း မဟုတ်ဘူးဆိုတာ ပြည်သူလူထုတစ်ရပ်လုံး သိစေချင်တယ်။ ကိုယ့် အခွင့် အာဏာကို ကိုယ်ကျိုးအတွက်ရရှိရေး မျှော်မှန်းပြီး ဒီမိုကရေစီ တိုက်ပွဲဝင် သည် ဆိုပါက ကျနော်၏အတတ် ပညာနှင့်နိုင်းယှဉ်ကြည့် မည်ဆိုလျှင် လုံးဝကို မဖြစ်နိုင်သည်ကို သိစေချင်ပါသည်။ ထို့ကြောင့် ကျနော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ လူ့အခွင့်အရေး အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖွံ့ဖြိုး တိုးတက်ပြီး စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုကြီးကို ပြန်လည် တည် ဆောက်နိုင်ဖို့ အတွက် ကိုယ်ကျိုးမငဲ့ အနစ်နာခံပြီး စေတနာ သန့်သန့်ဖြင့် ၂၀၀၅–ခုနှစ် မေလ (၃၀) ရက်နေ့တွင် ဖမ်းဆီး ထောင်ချချုပ်နှောင်သည့်အထိ တော်လှန်ရေး တိုက်ပွဲဝင် ဆင်နွှဲခဲ့ သည်ဆိုတာ သိနားလည်ပေးကြပါလို့ ပန်ကြားခြင်း ဖြစ်သည်။ စစ် အာဏာရှင်၏ တရားဥပဒေနှင့်ညီညွတ်တိုင်းလည်း တရား မှန်ကန် သည် မဆိုနိုင် ကျနော်သည် မည်သူ့ကိုမှ တမင်သက်သက် မတရား မလုပ်ခဲ့ ဘယ်လိုဥပဒေ ငြိမ်းခြောက်မှုတွင်ပဲဖြစ်ဖြစ် ကျနော်၏ စိတ်သ ဘောထားသည် မတရားကြမ်းကြုတ် စစ်အာဏာရှင်မဆို နကမ္မတိ မတုန်လှုပ် တိုင်းသူပြည်သားတွေ တရားစီရင်ရေးကိုသာလျှင် တရား မှန်ကန်သည်ဟု ယူဆမိသည်။ ကျနော်၏ နိုင်ငံရေးသည် လူသား တိုင်း၏ တန်းတူ ညီမျှရေးနှင့် တရားမျှတရေး ဖြစ်သည်။ အဲဒီမှာ ကိုယ်ကျိုးရှာ နိုင်ငံရေးသမား အချို့က ကျနော့်ကို အမျိုးမျိုး ဒုက္ခပေး ဖို့ စစ်အာဏာရှင်၏ မျက်မှောက်ရှေ့ မျက်နှာသာပေး ကိုယ့် မျက် မှောက်တွင် မျက်နှာချိုသာပေး၊ နောက်ကျောကနေ ဓါးနှင့် ထိုး၊ နိုင်ငံရေးနယ်ပယ်ကနေ ဖယ်ထုတ်ပစ်ကြဖို့ ကြိုးစားကြပေမည်။ မတုန်မလှုပ် ကိုယ့် နိုင်ငံရေး ပန်းတိုင်ဦးတည်ချက်က ခိုင်ခိုင်မာမာ ဆုတ်ကိုင်နေပေသည်။ ဖေါက်ပြန်တဲ့ ကိုယ်ကျိုးရှာ နိုင်ငံရေးသမား၊ အခွင့်အရေးမျှော် တော်လှန်ရေးသမားတချို့နှင့် သွေးစုပ် ချယ်လှယ် မဟာ လူမျိုးကြီးဝါဒ စစ်အာဏာရှင်အုပ်ချုပ်ရေး သမားတွေရဲ့ ဆုံး ဖြတ်ချက်များ၊ ဝေဖန် ပုတ်ခတ်မှုများကို အရေးမယူ တန်ဖိုးမထားပဲ ပြည်သူ ပြည်သားများ၏ သဘောတူ ဆုံးဖြတ်ချက်ကိုသာ အလေး တန်ဖိုးထားပုံကို အတိအလင်း ပြည်သူ တရပ် လုံးထံ ရင်ဖွင့်စာ ပေးပို့ခြင်းဖြစ်သည်။

ရှေ့လတွင် ဆက်ပါမည်။

# ၂၀၁၂–ခုနှစ် တိုင်းရင်းသားလူမျိုးများ ညီလာခံ၌

# ချင်းအမျိုးသားတပ်ဦး ဉက္ကဌ

# ဒေါက်တာဇလှယ်ထန်းပြောကြားသော အမှာစကား

ဒီကနေ့ တိုင်းရင်းသားလူမျိုးများ ညီလာခံမှာ စကား ပြောခွင့်ရတဲ့ အတွက် အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျနော်ကတော့ ချင်းအမျိုးသား တပ်ဦး ဉက္ကဌ ဒေါက်တာ ဇလှယ်ထန်းဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦးအနေနဲ့ အခြား တိုင်းရင်းသား လူမျိုးများနည်းတူ ကိုယ့်ကြမ္မာကိုယ် ဖန်တီး ခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီရေးနှင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်လာခဲ့ တာဖြစ်ပါတယ်။ ဒီရည်မှန်းချက်ရောက်ရှိနိုင်ရေးအတွက် တွေ့ဆုံ ဆွေးနွေးအဖြေရှာ ခြင်းနဲ့ ဖြေရှင်းသွားရေး လမ်းစဉ်ကို တစိုက် မတ်မတ်ကိုင်စွဲ လာခဲ့ပါတယ်။ ဒါပေမဲ့ 'လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်မယ်' ကြိုတင်ကန့်သတ် ဘောင်ခတ်ထား တာ ကြောင့် ၂၀၀၇–ခုနှစ် အ ထိစစ်အစိုးရ များနှင့် တွေ့ဆုံဆွေးနွေး နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၂၀၀၇–ခုနှစ် ရောက်မှ စစ်အစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲ စတင်လုပ် ဆောင် နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက် တာက တကြောင်း၊ အမျိုး သား ညီလာခံကို အဆုံးသတ်ပြီးတော့ ၂၀၀၈– ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု လိုတာကတကြောင်း တွေ့ဆုံဆွေး နွေးရေးကို ဆက် လက်ပြု လုပ်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

လေးစားအပ်သော သဘာပတိကြီးနှင့်တကွ တိုင်းရင်း သားညီ လာခံကိုယ်စားလှယ် တော်ကြီးများခင်ဗျား–

အားလုံးသိပြီးတဲ့အတိုင်း ၂၀၁၁–ခုနှစ်၊ ဩဂုတ်လမှာ ကြေညာချက် ၁/၂၀၁၁ ချမှတ် ပြီးတော့ အပစ်အခတ် ရပ်စဲရေးကနေ နိုင်ငံရေးတွေ့ ဆုံ ဆွေးနွေးရေးပြုလုပ်ဖို့ ပြည်ထောင်စုမြန်မာ နိုင်ငံအစိုးရ ဖိတ်ခေါ်ကမ်းလှမ်း လာပါတယ်။ ဒီ ကမ်းလှမ်းချက်ဟာ ချင်းအမျိုး သားတပ်ဦးရဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ပြဿနာကို တွေ့ဆုံ ဆွေးနွေး ခြင်းနှင့် အဖြေရှာရမယ် ဆိုတဲ့ မူဝါဒနှင့် ကိုက်ညီတဲ့အတွက် ချင်း အမျိုးသားတပ်ဦးဟာ တွေ့ဆုံ ဆွေး နွေးရေးစားပွဲဝိုင်းကို ရောက်ရှိ လာခဲ့ပါတယ်။ ၂၀၁၂–ခုနှစ် ဇန်နဝါရီလ (၆)ရက်နေ့ နှင့် မေလ (၇)ရက် နေ့များမှာ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရ၊ ပြည် ထောင်စုအစိုးရ အကြား သဘောတူညီချက်တွေ လက်မှတ် ရေးထိုးခဲ့ကြပါတယ်။ ချင်း အမျိုးသားတပ်ဦး အနေနဲ့ အပစ် အခတ်ရပ်စဲရေးကနေ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ငန်းစဉ်မှာ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်သား လူ့အဖွဲ့အစည်းများ၊ အတတ်ပညာရှင်၊ အသိပညာရှင် များနှင့် ပြည်သူ လူထုတရပ်လုံးနှင့် အတူလက်တွဲ လုပ်ဆောင်သွား မှာ ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင် နိုင်ဖို့ရာ အတွက် ပြည်တွင်းမှာ ပြည်သူ့တွေ့ဆုံပွဲ Public Consultation များ ပြုလုပ် နိုင်ဖို့ စိုင်း ပြင်းနေကြပြီ ဖြစ်ပါတယ်။

လေးစားအပ်သော သဘာပတိကြီးနှင့်တကွ တိုင်းရင်းသား ညီလာခံ ကိုယ်စားလှယ် တော်ကြီးများခင်ဗျား–

ဒီကနေ့ မြန်မာနိုင်ငံရဲ့ ပြောင်းလဲနေတဲ့အခြေအနေကို မျက်ခြေမ ပျက်သတိနဲ့ စောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ ဒီလိုအရေး ကြီးတဲ့ကာ လမှာ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့ အစည်း နဲ့ လူထုအ ခြေပြု အဖွဲ့အစည်းများ စည်းရုံးကြပြီးတော့ အနာဂါတ်ပြည် ထောင် စုတည်ငြိမ်အေးချမ်းရေးအတွက် သဘောတူညီချက် တစုံ တရာ ရရှိနိုင်ရေးအတွက် ညီလာခံပြုလုပ်ကြတာဟာ သင့်လျော် မှန်ကန် ပြီးတော့ လုပ် သင့်လုပ် ထိုက်တဲ့ အချိန် ဖြစ်တယ်လို့လည်း ယုံကြည် ပါတယ်။

ဒီညီလာခံကြီးကနေ ရလာဒ်ကောင်းများ ရရှိလာဖို့လည်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

ရက်စွဲ၊ ၂၀၁၂–ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့

ထိုင်း–မြန်မာနယ်စပ်

## တီးတိန်မြို့၌ ဆက်ဆံရေးရုံးထပ်မံဖွင့်လှစ်ပြီ

ချင်းအမျိုးသားတပ်ဦး၏ တတိယမြောက် ဆက်ဆံရေးရုံးကို ချင်းပြည် နယ်၊ တီးတိန်မြို့ တွင် စက်တင်ဘာလ (၂၅) ရက်နေ့တွင် မနက် (၈)နာရီတွင် ဖွင့်လှစ်ခဲ့ပါသည်။ ချင်း အမျိုးသားတပ်ဦး တွဲဖက် အထွေထွေအတွင်းရေးမှူးချုပ် (၃) ပူးခွါအုပ်လျန် မှ ဦးဆောင် ဖွင့် လှစ်ပြီး ထန်တလန် ဆက်ဆံရေးရုံးမှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် အစိုးရဖက်မှ နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ ချင်းငြိမ်းချမ်းရေး အကျိုးတော် ဆောင် ပူးတလွန်ကျဲအိုနှင့် ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ထိုမှတဆင့် ပူးခွါအုပ်လျန်ဦးဆောင်သော အဖွဲ့သည် ဖလမ်းမြို့နှင့် ဟားခါး မြို့များတွင် လူထုတွေ့ဆုံပွဲပြုလုပ်ခဲ့ကြသည်။ (သတင်းစဉ်)

# သဲကန္တာရတောမှ ရေတိမ်နစ်နေသူများ

ဘာမထီမောပီ

စာရေးသူသည် ချင်းလူမျိုးစစ်ဖြစ်သည်။ စာရေးသူသည် ဤဆောင်းပါးရေးရန် အကြိမ် ကြိမ်လက်တွန့်ခဲ့ရသည်။ ချင်းအမျိုးသားဂျာနယ်တိုက်ဆီ ပို့ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ရသည်။ အကြောင်းရင်းမှန်မှာ မိမိကိုယ်၌က ချင်းလူမျိုး တဦးဖြစ်နေခြင်းကြောင့် 'ကိုယ့်ပေါင်ကိုယ်လှန်ထောင်း 'သလို ဖြစ်သောကြောင့်ပင်။ စာရေးသူ အနေဖြင့် ကြံဖန်ရေးသားခြင်းမဟုတ်ဘဲ၊ ဖော်ထုတ်ရေးသားခြင်းသက်သက်သာဖြစ်သည်။ တချို့ အကြောင်းအရာများတွင် လွန်လွန်ကျူးကျူး ရေးသားခြင်းဟု ထင်မှတ်နိုင်သည်။ စာရှုသူ အနေဖြင့်လည်း နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားပြီး ဖတ်ရှုရန်ဖြစ်သည်။ အဆိုးဖက်ကို ဦးတည်ပြီးရေးသားခြင်း မဟုတ်ဘဲ၊ အကောင်းဖက်ကို ဦးတည်ရေးသားခြင်းဖြစ်သည်။ စာဖတ်သူများအနေဖြင့် ဤဆောင်းပါး အားဖြင့် မိမိနီးစပ်ရာ လူမျိုးစု အသိုင်းအဝိုင်းများအကြား ပြန်လည် တပ်လှန့် ဝေမျှရန်ဖြစ်ပြီး ပြုပြင်ပေးသော သူများ ဖြစ်စေရန် ဆန္ဒမွန်သက်သက် ဖြင့်သာရေးသားရသည်။ ဤဆောင်းပါးသည် နည်းပေးလမ်းပြမဟုတ်သော်လည်း လူမှုရေးလုပ်ဆောင်သော သူများအတွက် အားဆေးတစ်ခွက်ဖြစ်မည်ဟု မျှော်လင့်မိပါသည်။

## မျိုးချစ်ပုဂ္ဂိုလ်ထူးများ

ချင်းလူမျိုးအများစုသည် တိုင်းပြည်အခြေအနေကြောင့် ပြည်ပနိုင်ငံများသို့ အသုတ် လိုက် သုတ်သုတ်ထွက်ခွာရကြသည်။ အုပ်ချုပ်မင်းမူသူများကြောင့် မွေးရပ်ဌါ နေများ ကို စွန့်ခွာခဲ့ရသည်။ ထိုသို့ထွက်ခွါသူများအနက်မှ အချို့တဝက်သည် လမ်းခု လပ်၌ အမျိုးနှင့် တိုင်းပြည်အတွက်အသက်ပေးကာ လုပ်ဆောင်ခဲ့ကြသည်။ ဤသို့ဖြင့် နိုင်ငံရေးဆိုင်ရာ ဗဟုသုတနှင့် အမျိုးသားရေးဆိုင်ရာ အသိတရားနှင့် ဥပဒေဆိုင်ရာ အသိတရားများရရှိခဲ့ကြသည်။ နောက်တော့ တော်လှန်ရေးခရီး၌ လက်ပန်းကျကာ မိမိအနာဂါတ်အတွက် ဒုက္ခသည်လျှောက်လိုက်သည်။ ကုလသမဂ္ဂရုံး၌ ဒုက္ခသည် ခံယူပြီး ဆက်လက် အတွေးအခေါ်အယူအဆ တဖြည်းဖြည်းချင်း ပြောင်းလဲလာသည်။ အဘယ့်ကြောင့်နည်း။ တကယ့် နိုင်ငံရေးသမား သည့်ပင်လျှင် နယူးဒေလီသို့ ရောက်ပြီး လျှင် တစ်မျိုးသား လုံးနှင့်ဆိုင်သော အမျိုးသားအကျိုးစီးပွားကို လစ်လျူရှုစမြဲဖြစ်သည်။ ချင်းလူမှုရေးအသင်းအပင်းအကြား၌ ငါတို့လူမျိုးသာလျှင် ပထမတန်းစား ချင်းလူမျိုး၊ ထင်ပေါ်ကျော်ကြားတဲ့နိုင်ငံရေးသမားတွေ၊ ပညာရှင်တွေလည်း ငါတို့တွေသာဖြစ်တယ် ဟု ခေတ်မမှီသည့် အတွေးအခေါ် ဖြင့် ဖော်ထုတ်ရေးသားကြသည်။ ဘာသာရေး အသင်းအဖွဲ့များသည်လည်း တောင်ကြောအလိုက်၊ ဇုံနယ် အလိုက်ဖွဲ့စည်းပြီး မိမိတို့၏ ဒေသစကားများကို အမြင့်ဆုံးထားကြသည်။ ဘုံအကျိုးစီးပွါးကိုပင် မလိုလား အပ်သောအရာဟုသာခံယူ တတ်သည်။ ခရစ္စမတ်ပွဲတော်၊ နှစ်သစ်ကူးပွဲ တော်များ ကိုပင်လျှင် ဘုရားကျောင်း၌ မကျင်းပမီ ရွာစဉ်အလိုက် ကျင်းပသည်ကိုတွေ့ ရသည်။ တခါမှ ကြားဖူးသောလူမျိုးနာမည်များကို အထူးအဆန်းကြားနေရသည်။ ကုလား ပြည်မှာ နေရသောကြောင့်လားမသိ ချင်းမှာလည်း ဇတ်နိမ့်၊ ဇါတ်မြင့်၊ ကျွန်မျိုး၊ သခင်မျိုးဟူသော အဆင့် အတန်းမျိုးကို နယူးဒေလီမှာသာ နားခါးစွာကြားနေရသည်။

## ဘာသာရေးပုဂ္ဂိုလ်ထူးများ

နယူးဒေလီရှိ **အချို့သော** ချင်းပါစတာ၊ အမှုတော်ဆောင်များကိုကိုယ်ထိလက်ရောက် စော်ကားစေကာမူ ဘုရားသခင်က ပြစ်ဒဏ်ပေးမည်မဟုတ်ဟု အများက လက်ခံထားကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သာမန်လူသားနှင့်တစ်ပြေးညီ ပြစ်မှုကျူးလွန်သူများဖြစ်သည်။ လူသားနှင့်တစ်ပြေးညီ ပြစ်မှုကျူးလွန်သူများဖြစ်သည်။ အမှုတော်ဆောင် ကျင့်ဝတ်ကိုပင် မလိုက်နာသော သူများဖြစ်သည်။ ပြည်တွင်း၌ နေစဉ် လူဆိုးလူမိုက်လမ်းဘေးကလူများသာဖြစ်သည်။ နယူးဒေလီသို့ရောက်ပြီး ဒုက္ခသည် လျှောက်ယူပြီး အခိုက်အတန့်အတွင်း ကျမ်းစာကျောင်းတက်ရောက် သူများဖြစ် သည်။ အသိခေါက်ခက် အဝင်နက်သူများ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတ ခေါင်းပါးသူများ၊ အမျိုးသားရေးကို နှမ်းစေ့လောက်ပင်မသိသူများဖြစ်သည်။ မြန်မာပြည် ငြိမ်းချမ်း သာယာဖို့၊ ပြည်သူလူထုဖြင့် ဖွဲ့စည်းသောအစိုးရက တိုင်းပြည်ကို အုပ်ချုပ်ဖို့ကိုပင် ဆုမတောင်းချင်ကြပါ။ ငါတို့က ဘာသာရေးဘဲ လုပ်တယ်၊ ဒါက နိုင်ငံရေး ကိစ္စတဲ့။ အဆိုးဆုံးအချက်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရန်ပင် ဆုမတောင်းရဲ သူများဖြစ်သည်။ စာတန် မာရ်နတ်ပေးသော အကြောက်တရားကို ယနေ့ထိတိုင်အောင် ပိုင်ဆိုင်နေကြသည်။ 'ငါတို့က နိုင်ငံရေးနှင့် ပါတ်သက်စရာမလိုဘူး၊ တတိယနိုင်ငံရောက်ဖို့က ငါတို့ရဲ့ အမြင့်ဆုံးပန်းတိုင်ဖြစ်တယ်၊ ဘုရားသခင်က ဣသရေလလူမျိုးတွေကို အဲဒီလိုနဲ့ဘဲပျားနဲ့နို့စီးသော ပြည်ကို ပို့ ဆောင်ပေးတယ်' စသည်ဖြင့် စည်းရုံးရေးလုပ်ကြသေးသည်။ ခရစ်ယာန်အယူဝါဒ မှာ ဒုက္ခရောက်သူများ ကိုကူညီဖေးမခြင်းနှင့် ငတ်မွတ်သူများကို ကျွေးမွေးပြုစုခြင်းသည် ခရစ်ယာန်ကျင့် ဝတ်ဖြစ်သည်။ ထို သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက် မလုပ်ဆောင်ပေးသူများအား ဆုတောင်းပေးခြင်းအားဖြင့် ကူညီရာရောက်ပေသည်။ တမန်တော် ရှင်ပေါလုကပင် အသင်းတော်ရှိ ယုံကြည်သူများထံ ဆုတောင်းပေးရန် အမြဲတောင်းခံကြောင်း သမ္မာကျမ်းစာ၌ တွေ့ရသည်။ ထိုပါစတာများက အသင်းသားများထံ ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများများထည့်ဖို့သာ ဟောပြောစည်းရုံးလေ့ရှိသည်။ တနင်္ဂနွေနေ့တိုင်းတွင် သူတော်စင်ယောင်ယောင် တရားဟောပလ္လင်ထက်မှာ အမြဲ နေရာယူ


သတင်းနှင့်ပြန်ကြားရေး႒ါန၊ ချင်းအမျိုးသားတပ်ဦးမှ လစဉ်ထုတ်ဝေသည်။

တတ်ကြသည်။ ဘုရားသခင်ကို ထဲထဲဝင်ဝင် သက်ဝင် ယုံကြည်သူများက မိမိလူမျိုး၊ မိမိနယ်မြေကို ဘုရားပေးသောအမွေအဖြစ် လက်ခံကြသည်။ ဝိညာဉ် လူများသည် မိမိမွေးရပ်ဌါနီကို မည်သောအခါမှ စွန့်မသွားကြချေ။ အဆိုပါ လခစား အမှုဆောင်များသည် အပေါ်ယံ ရွှေမှုန်ကြဲ၊ အထဲကနောက်ချေးခံ ဆိုသကဲ့သို့ဖြစ်လေသည်။

## ပြည့်တန်ဆာလုပ်ငန်း

ဒေလီရှိ ချင်းပြည့်တန်ဆာလုပ်ငန်းတွင် အခကြေးယူသော ပြည့်တန်ဆာလုပ်ငန်းနှင့် အခမယူသော ပြည့်တန်ဆာလုပ်ငန်းဟူ၍ နှစ်မျိုးရှိသည်။ အခကြေးရသော ပြည့်တန်ဆာများသည် ဒေလီ၌ အသိုင်းအဝိုင်းများများရှိသော သူများဖြစ်၍ အခမယူသော သူများသည် အမျိုးအဆွေသိပ်မများသောသူများဖြစ်သည်။ အသိုင်းအဝိုင်းကောင်းသောသူများက နိုက်ကလပ်၊ ပြည့်တန်ဆာရုံများတွင် လုပ်ပြီးလအတန်ကြာလျှင် တောက်တောက်ပြောင်ပြောင် ရွှေတဝင်းဝင်းဖြင့် ပြန်လာတတ်ကြသည်။ ထိုသူတို့က ကိုးရီးယား မီရှင်နာရီတွေဆီမှာဘဲ စားဖိုမှူးလုပ်ပေးတယ်၊ အမေရိကန်ပါစတာအိမ်မှာ အိမ်ဖော်လုပ်တယ် စသည်ဖြင့် ဘာသာရေးကို ခုတုံးလုပ်ပြီး လိမ်ညာတတ်ကြသည်။ အသိုင်း အဝိုင်းမရှိသောသူများသည် အချိတ်အဆက်မရှိသောကြောင့် ထိုသို့ နေရာကောင်းအထိ မထိုးဖောက်နိုင်သောကြောင့် လမ်းဘေးက ကုလားဆိုက်ကား သမားများဖြင့်သာ အရက်အတူတူ အရက်သောက်ကာ ပျော်ပါးကြသည်။ အခကြေးမယူသော သူများကို ပြည့်တန် ဆာလုပ်ငန်းဖြင့် ဒါနပြုသူများဟုတနည်း ခေါ်ဆိုနိုင် သည်။ အရက်မူးလာလျှင် သတ်မှတ် ထားသော လူဦးရေအပြင် အပိုအလျှံများဖြင့် ဆက်ဆံရတော့သည်။ ထိုအမျိုးသမီးငယ်များကပင် သူတို့အပြင် အရွယ်ဝင်ခါစ အပျိုစင်များကို စည်းရုံးသိမ်းသွင်းကြသေးသည်။ 'သူတို့နဲ့ ပေါင်းသင်းဆက်ဆံနေရင် မုန့်လည်းစားရတယ်၊ ကုလားစကားလည်းခဏလေးတတ်တယ်' စသည်ဖြင့် မဆို စလောက်သော အမြတ် အစွန်းများဖြင့် စည်းရုံးလေ့ရှိသည်။ ပညာမတတ်၊ စာမတတ် ဆိုက်ကားသမားများသည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ မရှိသည့်အတွက် အကာအကွယ်မဲ့စွာ လိင်ဆက်ဆံကြသည်။ အပြစ်ကင်းစင်သော ချင်းမလေးများ၏ ကံကြမ္မာသည် မည်သူတို့၏ လက်ဝယ်တွင်ရှိပါသနည်း။

## ကြာကူလီအုပ်စုများ

ကြာကူလီဆိုသည်မှာ 'လင်ရှိမယားကို အလစ်ဝင်ရောက် လိင်ဆက်ဆံခြင်း 'ကို ဆိုလိုသည်။ နယူးဒေလီတွင် လုပ်အားခကို ဒေသခံကုလားများရရှိသော ပမာဏ လောက်မ ရကြပေ။ သေလနီးပါး လုပ်ငန်းခွင်၌အလုပ်လုပ်လင့်ကစား မိသားစုအတွက် အလုံ အလောက် လုပ်အားခကို မရပေ။ ထို့ကြောင့် အိမ်ထောင်ရှင်အမျိုးသား များသည် နီးစပ်ရာပြည်နယ်များသို့ ထွက်ပြီးလနှင့်ချီကြာ၍ ရရာ အလုပ်လုပ်ရတော့သည်။ မိသားစုအားလုံး၏ နေ့တဓူဝဝမ်းရေးအတွက် အိမ်ထောင်ဦးစီး၌ တာဝန်ယူရ တော့သည်။ ထိုစဉ် အိမ် ထောင်ရှင်မနှင့် သားသမီးများသည် နယူးဒေလီ၌ ချန်ရစ် ထားခဲ့ရသည်။ ထိုစဉ် ကုလားရန်ကို လုံးဝကြောက်နေရပြီဖြစ်သည်။ (နယူးဒေလီရှိ လူပျိုများသည် အိမ်ထောင်ပြုရန် မဝံ့မရဲဖြစ်တတ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် မိသားစုဝမ်းရေးအတွက် အလွန် ခက်ခဲသောကြောင့်ပေတည်း)။ ထို ကိုလူပျိုများသည် အပြန်အလှန်သတင်း ပေးကြစမြဲဖြစ်သည်။ 'ဘယ်ကလေးမအေက တောင့်တယ်၊ ကလေး နှစ်ယောက်ဘဲရှိသေးတယ်၊ ရခိုင်တယ်နော်၊ လူမှုရေး လည်းသိပ်ကောင်းတယ်' စသည်ဖြင့် အပြန်အလှန်သတင်းပေးပို့ကြသည်။ ထို့နောက် **'ခေတ်နှင့် မညီလူ စည်းမမှီသော လူမှုဆက်ဆံရေး'**ဖြင့် စတင်ချဉ်းကပ်တော့သည်။ အဆင်ပြေလျှင် အဆင် ပြေသလိုပေ့ါဗျာ။ ဒါကို တချို့ ပညာတတ်များကတော့ 'ဒါကတော့ ဘာမှမ ဖြစ်ပါဘူး၊ ဘယ်သူမှ မလွတ်ကင်းနိုင်တဲ့အရာပါ' တဲ့။ ဘာသာကြီး လေးရပ်က လုံးဝ လက်မခံသောအရာကို ချင်းဒုက္ခသည် အသိုင်း အဝိုင်း အကြား၌ ယဉ်ကျေးမှုစင်မြင့် ပေါ်သို့ စတင်တက်လှမ်းနေပြီ။

## အခန်းဖော်အခန်းဖက်များ

၁၉၃၀–ခုနှစ်၊ မြန်မာနိုင်ငံတွင် ချောက်နံမြေသပိတ် ပေါ်ပေါက်ခဲ့သည်။ အဓိက အကြောင်းရင်းမှာ အင်္ဂလိပ်နယ်ချဲ့ ရေနံသူဌေးများက ရေနံအလုပ်သမားကို ဆယ်ပေ ပတ်လည်အခန်းကို မိသားစု တစ်စုစာအတွက် ပေးထားသောကြောင့်ဖြစ်သည်။ အိမ်ကြီးရခိုင်နှင့် အစဉ်အဆက်နေလာကြသော မြန်မာလူမျိုးများအတွက် ပြစ်ဒဏ်ကျခံရာ နေရာဟုသာ ထို အိမ်ခန်းကို ခံယူကြသည်။ အင်္ဂလိပ်ကလည်း ကုလားပြည်မှ အလုပ်သမားကို ခေါ်သွင်းလာပြီး ကုလားပြည်မှာ ဆယ်ပေပါတ်လည်အခန်း၌ ကြီးပြင်းလာသော ကုလားများအတွက် အခက်အခဲမရှိပေ။ သို့သော် မြန်မာနိုင်ငံသားများ အတွက်မှာမူ အခက်အခဲဖြစ်သည်။ အဓိကပြဿနာ၏ အရင်းအမြစ်သည် အိမ်ခန်းပြဿနာဖြစ်သည်။ နယူးဒေလီရှိ ချင်းဒုက္ခသည်များနေရသည့် အခန်းမှာ အများအားဖြင့် ရှစ်ပေပါတ်လည် အခန်းများဖြစ်သည်။ ထို အခန်းကျဉ်းတွင် မိသားစု ဆယ်ယောက် အထိ နေထိုင်ကြသည်။ အဆိုးဆုံးမှာ မိသားစုပေါင်းနေထိုင်ခြင်း၊ လူပျိုလူလွတ်များသည်လည်း မိသားစုများနှင့် ရောနှော နေ ထိုင်ကြ သည်။ လင်ဖြစ် သူတတိယ နိုင်ငံရောက်နေပြီဖြစ် သော်လည်း မယားဖြစ်သူမှာ နယူးဒေလီတွင် နေ ထိုင်သေးသူများ လည်းရှိသည်။ တချို့ လင်မယားသည် ထိုကဲ့သို့ ရောင်သခင် ဝင်ရောက်အလစ်သုတ်ခြင်းကြောင့် ကွဲသွား ကြသည်များလည်းရှိသည်။

နယူးဒေလီရောက်အချို့သော ချင်းလူမျိုးများတွင် မိမိနှင့်သွေးသားရင်းတော်စပ်သူကို အိမ်ထောင်ဖက်အဖြစ်ပေါင်းဖက်ကြသည်။ အချို့ဆိုလျှင် မောင်နှမအရင်း ပေါင်းဖက် သည်များရှိသည်။ တဝမ်းကွဲတော်စပ်သူများနှင့်အိမ်ထောင်ပြုခြင်းသည် သာမန်အဆင့်ဟုသာခံယူကြသည်။ ဤအဖြစ်အပျက်သည် 'အိုးချင်းထား

တော့အိုးချင်းထိ၊ ကြိုးချင်း ထားတော့ကြိုးချင်းငြိ’ ဆိုသကဲ့သို့ ဖြစ်နေပြီ။

## အာဏာပိုင်များနှင့်ပေါင်းဖက်ခြင်း

FRRO ခေါ်သည့် နိုင်ငံခြားသားများမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဒုက္ခသည်များက ဒုက္ခသည်အသိအမှတ်ပြုကဒ်ပြားကို ရရခြင်း လုပ်ယူ၍ရသည်။ ရဲများက နေရပ်လိပ်စာ နှင့်အတိအကျ လာရောက်စစ်ဆေးခြင်းများရှိသည်။ ထိုစဉ် တာဝန်ကျရဲများကို လင် ငယ် လုပ်ပြီး အာဏာပြသော ချင်းအိမ်ထောင်ရှင်မတစ်ဦးဖြစ်သည်။ ထိုအမျိုးသမီး သည် လင်ယောကျ်ားအနီးကပ်ရှိနေသည်။ ထိုရဲ နှင့် ပေါင်းဖက်ပြီး အရက် အတူတူ သောက်က မိမိလင် ယောကျ်ား ရှေ့၌ပင် ထိုရဲနှင့် ဖက်လိုက်နမ်းလိုက် လုပ်ပြီး အစစ်ခံသော ဒုက္ခသည်များကို ‘ဘယ်လောက်တောင်းပါ၊ သူကတော့ဖြင့် ဘယ်လောက်တောင်း စသည်ဖြင့် လေသံဖြင့်တိုးတိုး လေးချဉ်းကပ် ပြော ဆိုမြဲဖြစ်သည်။ ထိုရဲနှင့် ဝေစားမျှစားလုပ်လေ့ရှိသည်။

## ခေါင်းပုံဖြတ်လုပ်ငန်း

တစ်ချို့ မြန်မာနိုင်ငံသားများသည် ကုလားစကားကို လည်လည်ဝေဝေ ပြောတတ် နေကြပြီဖြစ်သည်။ အချို့ အိမ်ခန်းများသည် အတော်အသင့် သန့်ရှင်းပြီး၊ ရေ၊ မီး၊ဂိတ်အဝင် အထွက်လည်း အကန့်အသတ်မရှိပေ။ ထိုသို့အခန်းမျိုးကို ကုလား စကားတတ်သောချင်းလူမျိုးများက အိမ်ရှင်များထံ လက်ရှိငှါးနေသူများထက် ငါးရာပိုပေးပြီး ငှါးချင်တယ်ဆိုပြီး တောင်းဆိုတတ်ကြသည်။ ထိုအိမ်ရှင် ကုလားကလည်း ငွေမက်သည့်နည်းတူ လက်ခံရသည်။ လက်ရှိအိမ်ငှါးများသည် အပြစ်တစုံတရာမရှိဘဲ အိမ်ရှင်၏ အတင်းအဓမ္မ အိမ်ပေါ်မှ နှင်ထုတ်ခြင်းခံရသည်။ နာရီပိုင်းအကြာတွင် အစားထိုး ဝင်ရောက်နေထိုင်ကြလေသည်။ မိမိလူမျိုး အချင်းချင်းအား ဖေးမကူညီမည့်အစား ဒုက္ခပေးနေသောသူများလည်းရှိသည်။ စာရေးသူ၏ အတွေ့အကြုံတခု ပြောပါရစေ။ အလွန်အမင်း ရုတ်တရက်ဖျားသော ချင်းဒုက္ခိတအဖွား အိုတယောက်သည် လမ်းပေါ်တွင် လဲကျနေသည်ကို လမ်းသွားလမ်းလာ ချင်းလူမျိုးအချို့က မမြင် ယောင်ဆောင်ပြီး ကျော်သွားကြသည်။ ကုလားများကပင် ချင်းလူမျိုးများ၏ အပြန် အလှန်ကူညီ ဖေးမမှုမရှိခြင်းကို အံ့သြသွားကြသည်။ ထိုလူနာအား စာရေးသူနှင့် ဆိုက်ကားသမားများကပေါင်းပြီး နီးစပ်ရာဆေးခန်းသို့ခေါ် ဆောင်သွားကြသည်ကို ရင်နင့်စွာ ကြုံတွေ့ ခဲ့ရသည်။

အချုပ်ဆိုရသော် မည်သူမဆို မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမည်။ ထိုဂုဏ် သိက္ခာသည် အယုတ်၊ အလတ်၊ အမြတ်မရွေး နှင့် သက်ဆိုင်နေပေသည်။ မည်သို့ပင် အင်္ဂလိပ်စကား၊ ကုလားစကား၊ အိုင်တီနည်းပညာ တတ်ကျွမ်းနေပါစေ၊ မိမိအမျိုးကို မချစ်မြတ်နိုးသူများ၊ ဘာသာတရားအဆုံးအမကို တန်ဖိုးမထားသောသူများသည် သဲကန္တာရတောတွင် ရေတိမ်နစ်မွန်းသောသူများနှင့် အတူတူဖြစ် နေပေမည်။ သမ္မာ ကျမ်းစာတွင် မိမိလူမျိုးတန်ဖိုး ထားတတ်ခြင်း၊ လူသားတိုင်းကို ချစ်တတ်ရန်၊ လိုနေ သူများကို ကူညီ ဖေးမခြင်းကို လေးလေးနက်နက် သွန်သင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေ အသင်သည် ကိုးကွယ်သည့် ဘာသာတရားရှိပြီး၊ လူမျိုးတမျိုး စစ်မှန်ခဲ့လျှင် ———

ဝန်ခံချက်။ ။နယူးဒေလီသည် သဲကန္တာရတောဖြစ်သောကြောင့် ခေါင်းစဉ်အဖြစ် သုံးရခြင်းဖြစ်သည်။ စာရေးသူသည် ဤဆောင်းပါးရေးရန် (၁၀) လအချိန် ယူပြီးရေးသားရခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

## Heroes of Far Beyond the Ocean

You fight the good fight

For Democracy, Self-determination and Federal- states;

You light the shining light

To the straying people;

You guide the good fight, the shining light and the guides;

T’is is your clerished aspiration ‘n’ donation

Thus, stand, still

By never ending love

Never give up; Let’s triumph

Our revolutionary changes ……

Til’ Generation to Generation

Zo Kam Kei

# စစ်ရေးအရ ဖြေရှင်းရေးဝါဒ

**သောမတ်စ်ထန်နီး**

စစ်ဆိုသည်မှာ အမျိုးသား၊ လူမျိုး၊ နိုင်ငံ၊ နိုင်ငံရေး၊ လူတန်းစား၊ အဖွဲ့အစည်း၊ လူအုပ်စုစသည်ဖြင့် အချင်းချင်းအကြား တိုက်ပွဲဆင်နွှဲခြင်း၏ အမြင့်ဆုံးသွင်ပြင်လက္ခဏာ ပင်ဖြစ်သည်။ စစ်သည် နိုင်ငံရေး၏ အဆက်ဖြစ်သလို နိုင်ငံရေးသည်လည်း သွေးထွက်သံယိုမှု မရှိသောစစ်ဖြစ်သည်။ နိုင်ငံရေးရည်မှန်းချက်များကို ရရှိရန် လုပ်ဆောင်သည့် ထူးခြားသော နိုင်ငံရေး နည်းလမ်းတခု ဖြစ်သည်။ နိုင်ငံရေးသည် ရှေ့သို့တက်လှမ်းမသွားနိုင်သောအခါ နိုင်ငံရေး ထွက်လမ်းဖွင့်ပေးရန် စစ်ဖြစ်လာရသည်ဟူ၍ ပညာရှင်များက ဆိုကြသည်။ ထို့ကြောင့် အမျိုးသား၊ လူမျိုး၊ နိုင်ငံ၊ အဖွဲ့အစည်း၊ လူတန်းစား၊ လူအုပ်စုတို့က မိမိတို့၏နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်နိုင်ရန်အတွက် လက်နက်ကိုင်တပ် (စစ်တပ်)များကို ဖွဲ့ စည်းထားကြပါသည်။ ယခုခေတ် အမျိုးသားနိုင်ငံများ၏ စစ်တပ် များသည် မိမိတို့အမျိုးသားနိုင်ငံနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ရန် တာဝန် ရှိကြသည်။

ယေဘုယျအားဖြင့် လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ကို ခြိမ်းခြောက်စေသော နိုင်ငံရေး ပြဿနာများကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ပထမအမျိုးအစားသည် ဒီမိုကရေစီ ကျင့်စဉ်အရ ပြဿနာကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းနည်းကို ဦးစွာ အသုံးပြုပြီး နောက်ဆုံးမရသည့်အဆုံးစစ်ရေးအရ ဖြေရှင်းခြင်းကို အသုံးပြုသည့်နည်း ဖြစ် သည်။ ပထမအမျိုးအစားနှင့် ပါတ်သက်၍ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံနှင့် ဒီမိုကရေစီနိုင်ငံကြီးတခုဖြစ်သော အမေရိကန်ပြည်ထောင်စုက ဟိုင်တီနိုင်ငံ၊ အီရတ် နိုင်ငံတို့ ကို အဆင့်အဆင့် အရေးယူပုံကို ဥပမာတင်ပြလိုပါသည်။ သံတမန်နည်း လမ်းအရသော် လည်းကောင်း၊ စီးပွါးရေးအရ သော်လည်းကောင်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်း အရသော်လည်းကောင်း ဦးစွာပြဿနာဖြေရှင်းရန် ကြိုးစားခဲ့ သည်။ နောက်ဆုံးမရ သည့်အဆုံး စစ်ရေးအရ တိုက်ခိုက်ဖြေရှင်းခြင်းမပြုမီ အစိုးရကလွှတ်တော် (၂)ခု၊ ပြည်သူများ၏ထောက်ခံမှု၊ အမေရိကန်သည် ကုလသမဂ္ဂအပါအဝင် ၄င်း၏ မဟာမိတ်အဖွဲ့ NATO နှင့် အခြားနိုင်ငံများထောက်ခံမှုကို အရင်ရယူပြီးမှ စစ်ရေးအရအရေး ယူခဲ့သည်။ ဒုတိယအမျိုးအစားသည် ပြဿနာတိုင်းကို လက်နက်အင်အားအသုံးပြုပြီး စစ်ရေးအရ ဦးစွာဖြေရှင်းခြင်း နည်းဖြစ်ပါသည်။ ဒုတိယ အမျိုးအစား နှင့်ပါတ်သက်၍ ဒုတိယကမ္ဘာစစ်မီး စတင်မွှေးခဲ့သူ ဂျာမနီအာဏာရှင်ကြီး ဟစ်တလာက ပိုလန်ကို ကျူးကျော်သိမ်းပိုက်ခဲ့ခြင်း၊ ၁၉၇၉–ခုနှစ်တွင် ဆိုဗီယက်ယူနီယံက အာဖဂန်နစ္စတန်နိုင်ငံကို သိမ်းပိုက်ခြင်းများကို ဥပမာအဖြစ် တင်ပြလိုပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နိုင်ငံရေးပြဿနာကို ဖြေရှင်းမှုနှင့် ပါတ်သက်၍ ပထမနည်းဖြစ်သော ဒီမိုကရေစီကျင့်စဉ်အရ ဆွေးနွေးညှိနှိုင်းအဖြေရှာနည်းကို လွတ်လပ်ရေး အကြိုကာလက ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသား၊ ရှမ်း၊ကချင်၊ ချင်း ခေါင်းဆောင် များတို့က ဒီမိုကရေစီ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်နှင့် လွတ်လပ်ရေးကို တောင်တန်းဒေသနှင့် ပြည်မအတူတကွ အမြန်ဆုံးရယူရန် ဆွေးနွေးညှိနှိုင်းသဘောတူခဲ့ကြသည်။ ထိုစဉ်က ဗမာလွတ်လပ်ရေးတပ်၊ ကချင်တပ်၊ ရှမ်းတပ်၊ချင်းတပ်များအသီးသီးရှိကြသော်လည်း အင်အားသုံး စစ်အင်အားဖြင့် ဖြေရှင်းရန် မကြံရွယ်ခဲ့ပေ။ ဤတကြိမ်သာလျှင် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားများနှင့်ပါတ်သက်သော နိုင်ငံရေးပြဿနာကို ဆွေးနွေးညှိနှိုင်း အဖြေရှာနည်းကို ကျင့်သုံးခဲ့ ကြောင်းတွေ့ရှိရသည်။ ၁၉၄၈–ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ပါလီမန်ဒီမိုကရေစီ ခေတ်တွင် ဗမာမဟုတ်သော တိုင်းရင်းသားများက ဝန်ကြီးချုပ်ဦးနု ထံသို့ ၁၉၄၇–ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖက်ဒရယ် စစ်စစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအဖြစ်ပြင်ဆင်ပေးရန် တောင်းဆိုခဲ့သော်လည်း ဦးနုက အကြောင်း အမျိုးမျိုးပြပြီး မပြင် ဆင်ခဲ့ပေ။

၁၉၆၂–ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာကို စစ်တပ်အင်အားဖြင့် သိမ်းပိုက်ခဲ့ချိန်မှစ၍ အထက်ကဖော်ပြခဲ့သော ဒုတိယအမျိုးအစားဖြစ်သည့် စစ်ရေးအရ ဖြေရှင်းနည်းကိုသာ တစိုက်မတ်မတ်ကျင့်သုံးခဲ့ကြသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီးနေဝင်းသည် တော်လှန်ရေးကောင်စီအမည်ဖြင့် အာဏာသိမ်းခဲ့ပြီး စစ်အုပ်ချုပ်ရေးဖြင့် နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ဖက်ဒရယ်သည် ခွဲထွက်ခြင်းဖြစ်ကြောင်းတိုင်း ပြည်ပြိုကွဲမည့်အန္တရာယ်မှ ကယ်တင်လိုက်သည် စသည်ဖြင့် မဟုတ် မမှန်ဝါဒဖြန့်ချိ ခဲ့သည်။ နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သည့်အဓိကအကြောင်းသည် အာဏာငမ်း ငမ်းတက်နေသော စစ်အာဏာရှင်ကြီးဖြစ်ခြင်း ကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်အာဏာရှင်ကြီးသက်သက်သာဖြစ်ပြီး ဒီမိုကရေစီစနစ်၊ ကွန်မြူနစ် စနစ်၊ ဆိုရှယ်လစ်စနစ်ဝါဒများကို ယုံကြည်လက်ခံသူနှင့်လည်းမတူပေ။ အဘယ့်ကြောင့် ဆိုသော် ၁၉၆၃–ခုနှစ်တွင် လက်ယာအင်အားစုများ၊ လက်ဝဲအင်အားစုခေါင်း ဆောင်များကို ငြိမ်းချမ်းရေးကို အကြောင်းပြပြီး လွတ်လပ်မှုပေးသယောင်နှင့် ချုပ်နှောင် ဖမ်းဆီးခဲ့သည်။ ၁၉၇၄–ခုနှစ် တပါတီမြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီဖွဲ့စည်း အုပ်ချုပ်ပုံသည် အာဏာကို တရားဝင်ရရှိနေစေရေးအတွက် ဗန်းပြပြဌာန်း ခဲ့ခြင်းဖြစ်သည်။ သူ့အာဏာ

သိမ်းခဲ့ပြီး တော်လှန်ရေးကောင်စီခေတ်တွင် (၁၂) နှစ်လုံးလုံး 'တော်လှန်ရေး' ကို ဗမာ့တပ်မတော်သားများအား လှည့်ဖြားခဲ့ သည်။ မြန်မာနိုင်ငံသမိုင်းတွင် ဖက်ဆစ် ဂျပန်တော်လှန်ရေး၊ နယ်ချဲ့ အင်္ဂလိပ် တော်လှန်ရေးစသည့် တော်လှန်ရေးအစစ် အမှန်များရှိခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီး နေဝင်း၏ တော်လှန်ရေးဟူသည် မည်သည့် အရာ၊ မည်သည့်အဖွဲ့ကို တော်လှန်ခြင်းဖြစ်ကြောင်း ကျနော်ရှာ မ တွေ့ခဲ့ပါ။ တော်လှန်ရေးကောင်စီ အမည်တပ်ပြီး ပြည်သူလူထုများ၏ ငွေကြေး၊ ပစ္စည်းဥစ္စာများကို သိမ်းပိုက်ကာ ၎င်းအာဏာရရှိရေး အတွက် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းမှဗိုလ်ချုပ်မှူးကြီးသန်းရွှေအထိ စစ်အာဏာရှင်တို့သည် အာ ဏာရှင်တို့၏ အင်္ဂါရပ်များအနက် စစ်ရေးကို ရှေ့တန်းတင်လွှန်းခြင်းနှင့် ပါတ်သက်၍ ဖော်ပြလိုပါသည်။ ဗမာ့တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေသော၊ လွဲမှားသော အမြင်များဖြစ်စေသော အယူအဆများ၊ မူဝါဒများချမှတ်ခဲ့ကြသည်။ ဥပမာ–

(၁) တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

(၂) တပ်မတော်သည်သာအဖ တပ်မတော်သာသည်အမိ

(၃) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

နံပါတ် (၁)အချက်နှင့်ပါတ်သက်၍ အနည်းငယ်ရှင်းပြလိုပါသည်။ တပ်မတော်သားများ သည် အစိုးရဝန်ထမ်းများဖြစ်ကြပါသည်။ ကာကွယ်ရေးဌါနသည် အစိုးရဌါန တခုသာဖြစ်သည်။ အဓိက တာဝန်မှာ တိုင်းပြည်နှင့်ပြည်သူလူထုကို ကာကွယ်ရန်ပင်ဖြစ်ပါသည်။ ပြည်ပရန်၊ ပြည်ပနှင့်စစ်ဖြစ်သော စစ်ပွဲလည်းမရှိပါဘဲ စစ်တပ် အင်အား (လက်နက်ခဲယမ်းမီးကျောက်၊ လူ၊ စစ်အတတ်ပညာ၊ ငွေရေးကြေးရေး) တိုးချဲ့နေလျှင် တိုင်းပြည်ဘဏ္ဍာငွေ ဖြုန်းတီးရာရောက်ပါသည်။ စစ်တပ်အဖွဲ့သည် ကုန်ကျစရိတ် အလွန်များပြားလှသည်။ ထို့ကြောင့်စစ်တပ်အသုံးစရိတ်ကြောင့် အခြားဌါနများစွာ တွင် ဘတ်ဂျတ် မရှိသောကြောင့် လုပ်ငန်းစီမံကိန်းများ အကောင် အထည်မဖော် နိုင်ဘဲဖြစ်မည်။ ထို့ကြောင့် တိုင်းပြည်နှင့်ပြည်သူလူထု လိုအပ်ချက်များ မဖြည့်ဆည်း နိုင်ဘဲဖြစ်မည်။ ထို့ကြောင့် တိုင်းပြည် အင်အားရှိမည်ဆိုသည်မှာ မဖြစ်နိုင်ဘဲ တိုင်းပြည် အင်အား ဆုတ်ယုတ်သွားမည်။ အချို့ နိုင်ငံရေးသမားများက ဗမာ့တပ်မတော် (၁၈၀၀၀၀) မှ (၅၀၀၀၀၀) အထိ တိုးချဲ့မည့် အစီအစဉ်နှင့်ပါတ်သက်၍ ကိုယ့်သေတွင်းကို ကိုယ်တူးမည့်အစီအစဉ်ဟု ဝေဖန်ခဲ့ကြသည်။

စစ်တပ်အင်အားရှိလျှင် တိုင်းပြည်ရှိနိုင်ငံရေးပြဿနာ ပေါင်းစုံ ဖြေရှင်းရာတွင် စစ်ရေးအရ တိုက်ခိုက်ခြေမှုန်းနိုင်မည်ဖြစ်ပြီး သူပုန်အတိုက်အခံအင်အားစုများမရှိတော့ဘဲ တပ်မတော်ဦးဆောင်မှု အောက်တွင် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးလာပြီး အင်အားရှိ လာမည်ဟု ယူဆကြဟန်တူသည်။ ဤသို့ဆိုလျှင် စစ်ရေးအရ ဖြေရှင်းရေးဝါဒကို ကိုင်စွဲခြင်းဖြစ်သဖြင့် ဤဝါဒ၏ အကျိုးဆက်သည် အောက်တွင် ဖော်ပြထားသလို တွေ့ကြုံရမည်ဖြစ်သည်။

နံပါတ် (၂)နှင့် ပါတ်သက်၍ ရှင်းပြရလျှင်– အာဏာရှင်တို့က စစ်ရေးကို ရှေ့တန်း တင်လွန်းသဖြင့် စစ်ရေးကို အကောင်အထည် ဖော်ရသော တပ်မတော်သားများကို တိုင်းပြည်၏ ကယ်တင်ရှင်ကြီးများလို၊ အာဏာရထိုက်သူ၊ အုပ်ချုပ်စီမံနိုင်သူ၊ ဦးစီး ဦးဆောင်နိုင်သူ၊ အခွင့်အရေးရှိသူလူတန်းစား၊ နိုင်ငံ၏ အမိအဖနေရာတွင် ရှိသူများ အဖြစ် အမွှမ်းတင်ဂုဏ်ပြု လိုက်ခြင်းပင်ဖြစ်သည်။ အမှန်တကယ် စဉ်းစားဆင်ခြင်ကြလျှင် အင်မတန်ရှက်စရာကောင်းသော အာဏာရှင် အတွေးအခေါ်မှ ဆင်းသက်လာသော အယူအဆပင်ဖြစ်ပါသည်။ အမှန်မှာ နိုင်ငံတခု၏ အချုပ်အခြာ အာဏာ သည် ပြည်သူလူထုထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြည်သူလူထုထံမှ အချုပ် အခြာအာဏာကို အတင်းအဓမ္မ တပ်မတော်က လုယူမည့် အဓိပါယ်ပင်ဖြစ်သည်။ အမှန်မှာ တပ်မတော်သားများသည်လည်း ပြည်သူလူထုမှ ပေါက်ဖွားလာသူ ပြည်သူများ ပင်ဖြစ်ကြပါသည်။ ထို့ကြောင့် ပြည်သူသာလျှင်အမိ ပြည်သူသာလျှင်အဖ ဟု ပြောကြရမည်ဖြစ်သည်။

နံပါတ် (၃) နှင့်ပါတ်သက်၍ ရှင်းပြရသော်– အမျိုးသား နိုင်ငံရေး ဆိုရာ၌ ဗမာအမျိုး သားများကို ဆိုလိုသလော၊ တိုင်းရင်း သားအားလုံးကို ဆိုလိုသလော မသဲကွဲပေ။ ချင်း၊ ကချင်၊ ရှမ်းစသည့်တိုင်းရင်းသားလူမျိုးများကို အသိအမှတ်ပြုပြီး ဗမာ တိုင်းရင်း သားလူမျိုးနှင့် တန်းတူအခွင့်အရေးရှိသည့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုဖြစ် သင့်သည်။ သို့မဟုတ်ဘဲ ဗမာ အများစု အမျိုးသားနိုင်ငံရေး ဦးဆောင်မှုဖြစ်ပါက မဟာ လူမျိုးကြီးဝါဒကျင့်သုံးခြင်းဖြစ်ပြီး ဗမာလူမျိုး၏ ဖိနှိပ်မှုအောက်တွင်အခြား တိုင်းရင်းသားများရောက်ရှိမည်ကို တပ်မတော်က ဦးဆောင်သွားမည့် အနေအထားဖြစ်သည်။

အထက်ဥပမာများတို့သည် ဒီမိုကရေစီကျင့်စဉ်နှင့် လုံးဝဆန့်ကျင်ကြသည်။ ပြည်သူ လူထုအာဏာကို လုယူခြင်း၊ ပြည်သူ လူထုဆန္ဒမဲမဖြတ်သန်းဘဲ လွှတ်တော် ကိုယ်စား လှယ်များဖြစ်လာခြင်း၊ ပြည်သူလူထု၏ အထက်တွင်ရှိသော လူတန်းစား အဖြစ် ရောက်ရှိခြင်းသည် အာဏာရှင်တို့၏ စစ်ရေးရှေ့တန်းတင်လွန်းခြင်းမှ ပေါက်ဖွား လာသောအရာများဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်အဆက်ဆက်တို့သည် တိုင်းရင်းသားလူနည်းစုများကို စစ်ရေးအင်အားသုံး၍ ၎င်းတို့၏ အမျိုးသားနိုင်ငံရေးပြဿနာကို ဖြေရှင်းရန် ကြိုးစားခဲ့ကြသည်။ တိုင်းရင်းသားနယ်မြေများတွင် ဗမာ့တပ်မတော်ကနေ ဒေသခံ အပြစ်မဲ့ ပြည်များအပေါ် ညှင်းပန်းနှိပ်ကွက်ခြင်းများအပါအဝင် ဖြတ်လေးဖြတ်၊ မြေလှန်စနစ်များဖြင့် လူမျိုးပြုန်း အောင်စစ်ရေးကို အသုံး ပြုခဲ့ကြ

သည်။ ဒီမိုကရေစီ အင်အားစုများ အပါအဝင် အခြား အကြောင်းများကြောင့် စစ်အစိုးရ နှင့်သဘော ထားဆန့်ကျင်သူများကိုလည်း စစ်ရေးအင်အားသုံး၍ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ကြသည်။ ဤသို့ပြုလုပ်မှုများစွာ အနက် ၁၉၈၈–ခုနှစ် (၈၈၈၈)အရေးအခင်း၊ ၂၀၀၃–ဒီပဲယင်းအရေးအခင်းနှင့် ၂၀၀၇–ခုနှစ် သံဃာတော်ကြီးများကို ဦးဆောင်သော ရွှေဝါရောင်တော်လှန်ရေးတို့ကို စစ် အာဏာပိုင်များက ရက်ရက်စက်စက်အကြမ်း ဖက်နှိမ်နင်းမှုများသည် ထင်ရှားသော သာဓကများဖြစ်ကြသည်။

စစ်ရေးအရ ဖြေရှင်းခြင်းကိုသာကျင့်သုံးနေသည့်အတွက် တိုင်းရင်းသား အင်အားစု များနှင့် ဒီမိုကရေစီအင်အားစုများ တို့ကို စစ်အစိုးရ အဆက်ဆက်က အမြစ်ပြတ် ချေမှုန်းနိုင်ခြင်းမရှိသည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အင်အား အဆပေါင်းများစွာ ကြီးမားလာခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ရေးမှ လွတ်လပ်သော နိုင်ငံတည်ထောင်ရေးဖက်သို့ တိုင်းရင်းသား လူမျိုးများ နိုင်ငံရေး ခံယူချက် တဖြည်းဖြည်းပြောင်းလဲလာခြင်း၊ တိုင်းရင်းသားလူမျိုး အလိုက် ဖြစ်စေ ပြည် နယ်အတွင်း ပြည်သူလူထုများ ဖြစ်စေ ပိုမို စည်းလုံးညီညွတ်လာကြခြင်း၊ ကွန်ပြူ တာခေတ် နှင့်အညီ ခေတ်မီ တိုးတက်သော နည်းစနစ်များ တီထွင်လာကြပြီး လက်နက် ထုတ်လုပ်ရေး၊ စစ်တိုက်နည်းများပြောင်းလဲ လာခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း နိုင်ငံရေးနှင့် စစ်ရေးပိုမို စုစည်းလာနေခြင်း၊ နိုင်ငံတကာ အာရုံစိုက်မှု၊ ထောက်ခံမှု ပိုမိုရရှိ လာနေခြင်း၊ စိတ်ဓါတ်ပိုင်းအရမျိုးချစ် စိတ်အမြင့် ဆုံးရောက်ရှိလာခြင်းများဖြစ်ပေါ်စေသည်။ ယခုအခါ 'ဝ'၊ ကချင်၊ ရှမ်း၊ ကရင်၊ မွန် စသည့်တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများသည် များစွာအင်အား တောင့် တင်းလာကြပြီး ၎င်းတို့ ၏ တော်လှန်ရေးသည်လည်း အမျိုးသား တော်လှန်ရေး အဆင့် သို့ တဖြည်းဖြည်းရောက်ရှိလာ နေကြပြီဖြစ်သည်။ ထို့အပြင် 'ဝ'နှင့်ကချင် နယ်မြေ စသည်တို့သည် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် မရှိတော့ဘဲ ၎င်းတို့ နယ်မြေကို ၎င်းတို့ လက်နက်ကိုင်အင်အားစုဖြင့် လုံးဝ ထိန်းချုပ်နိုင်သော အနေအထားသို့ ရောက်ရှိနေကြပြီဖြစ်သည်။အကယ်၍ နယ်မြေ ဆက် စပ်မှုရှိသော တိုင်းရင်းသားများ က အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ် လွတ်လပ်ရေးကြေညာပါက စစ်ရေး အရ ဖြေရှင်းရေးဝါဒ၏ နောက်ဆက်တွဲသာလျှင်ဖြစ်မည်။

၁၉၇၉–ခုနှစ်မှစတင်၍ ကမ္ဘာ့ဒီမိုကရေစီ ရေစီးကြောင်းကြီး ပေါ်ပေါက်လာသောအခါ ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အရှေ့ဥရောပ နိုင်ငံများတို့ သည် ဒီမိုကရေစီနိုင်ငံသို့ တဟုန်ထိုး ပြောင်းလဲလာကြသည်။ ကမ္ဘာ့ ဒီမိုကရေစီရေစီးကြောင်းကြီးအရှိန် ကိုသော် လည်းကောင်း၊ မြန်မာနိုင်ငံဒီမိုကရေစီနိုင်ငံအဖြစ်သို့ မရောက်ရှိနိုင်ရန် ကြိုးပမ်းအား ထုတ်မှုသည်လည်းကောင်း စစ်အာဏာရှင်တို့သည် မိမိတို့ အာဏာရှင်စနစ် ကျဆုံးရေးသို့ ဦးတည်စေခဲ့သည်။ ဒီမိုကရေစီ အင် အားစုများသည် ပြည်တွင်းစည်းရုံးရေး အထူးအောင်မြင်လာခြင်း၊ ပြည်တွင်းပြည်ပ ထောက်ခံမှု အပြည့် အဝရရှိ လာခြင်း၊ နိုင်ငံရေးနိုးကြားလာခြင်း ၊ နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက် လာခြင်းများ ဖြစ်ပေါ်လာသည်။

ထို့အပြင် ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ဒေါ်အောင်ဆန်းစုကြည်ဦး ဆောင်သော ပြည်တွင်း ဒီမို ကရေစီပါ တီများတို့သည် အချင်းချင်း ပိုမိုနား လည်မှုရှိ လာကြပြီး ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးများအတွက် အတူတကွ ပူး ပေါင်းဆောင် ရွက်ကြရန် သဘောတူညီနိုင်ခဲ့ကြသည်။

သမ္မတဦးသိန်းစိန်အစိုးရက ပထမအမျိုးအစားဖြစ်သော နိုင်ငံရေး ပြဿနာကို နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့် အကောင်အထည်ဖော်လျှင် စစ်ရေးအရ ဖြေရှင်းရေးဝါဒဖြစ်သော ကချင်ထိုးစစ်ကို ရပ်တန်းကရပ်ဖို့လိုအပ်ပါသည်။ ကချင်ပြည်သူလူထု စည်းရုံးရေးကို ဦးစွာလုပ်ဆောင်ရမည်ဖြစ်သည်။ ကချင်ပြည်သူလူထု၏ ခံစားနေရသော လူမှု ဒုက္ခ ပေါင်းစုံဖြစ်သော စစ်ပြေးဒုက္ခသည်၊ ပြည်တွင်းအိုး အိမ်မဲ့သူများ၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေး စသည်တို့ကို အစိုးရက လုံးဝ တာဝန်ယူရမည်ဖြစ်သည်။ အစိုးရတပ်မှ ကချင်ပြည်သူလူထုအား ညှင်းပန်းနှိပ်စက်မှုများကို ရပ် တန်းက ရပ်ရန်လိုအပ်သည်။ စစ်တပ်တိုး ချဲ့မှုများကိုလည်း လျှော့ ချပြီး အချို့သော တပ်စခန်းများ ဆုတ်ခွါပေးရန်လည်း နှင့် ၎င်းတပ်ကို အဆင့် ဆင့်ဆုတ်ခွါပေးရန် လိုအပ်သည်။ ၎င်းနောက် ဒီမိုကရေစီနှင့်တိုင်းရင်းသား လူမျိုး များနိုင်ငံရေးပြဿနာ ဖြစ်သော ပါတီစုံဖက်ဒရယ်ပြည်ထောင်စုအရေးကိစ္စကို နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရန် လိုအပ်သည်။

ထို့ကြောင့် စစ်အာဏာရှင်တို့၏ လက်သုံးဖြစ်သော စစ်ရေးအရ ဖြေရှင်းခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖော်ဆောင်နိုင်ဘဲ တိုင်းပြည်ပြိုကွဲရေးသို့သာ ဦးတည်စေသည်။ သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်အနေဖြင့် စစ်ရေးအရ ဖြေရှင်းရေးဝါဒလမ်းဟောင်းအတိုင်း မကျင့်သုံးဘဲ တိုင်းရင်းသားလူမျိုးများအားလုံး၏ နိုင်ငံရေးဆန္ဒဖြစ်သော ကိုယ်ပိုင်ပြဌာန်း ခွင့်အပြည့်အဝရှိသည့် ပါတီစုံဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု စနစ်တည်ဆောက်ရေးအတွက် သက်ဆိုင် သူများအားလုံးနှင့် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။

## ချင်းအမျိုးသားတပ်ဦး၏ အရာရှိမွမ်းမံသင်တန်းပြီးစီး

ချင်းအမျိုးသားတပ်ဦး၏ အရာရှိမွမ်းမံသင်တန်းဖွင့်ပွဲကို နယ်စပ်တနေရာတွင် ၁၆–၁၀–၂၀၁၂ ရက်နေ့ ၌ပြုလုပ်ခဲ့သည်။ ယင်း သင်တန်းကို ချင်းအမျိုးသားတပ်ဦး၏ စစ်ရေးရာကော်မတီ၏ အစီအစဉ်ဖြင့် ပြုလုပ်နိုင်ခြင်းဖြစ်သည်။ ထိုဖွင့်ပွဲတွင် ချင်း အမျိုးသားတပ်ဦး အဓိပတိကောင်စီဝင် ပူးသောမတ်စ်ထန်နိုးနှင့် စစ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးထောင်ဇလျန်းတို့မှ အသီးသီး အဖွင့်အမှာစကားပြောကြားကြသည်။ ထိုသင်တန်းတွင် စစ်ရေးရာကော်မတီဝင်များ၊ ချင်းအမျိုးသားတပ်ဦး၏ ဌာနတာဝန်ခံများနှင့် ချင်း အမျိုးသားတပ်မတော်မှ အရာရှိများ စုစုပေါင်း (၁၇)ဦးတက် ရောက် လျက်ရှိသည်။ အဓိကဘာသာရပ်များအဖြစ် မြေပုံ၊ ကွန်တို၊ သံလိုက်အိမ်မြှောင်၊ အခြား စစ်ဖက်ဆိုင်ရာ ဘာသာရပ်များနှင့် ခေါင်းဆောင်မှုဘာသာရပ်များ ပါဝင်သည်။ စစ်ရေးရာကော်မတီမှ ဗိုလ်မှူးထောင်ဇလျန် မှ အဓိက ပို့ချသင်ကြားပေးသည်။

ထိုသင်တန်းဖွင့်ပွဲ၌ပင် အမေရိကားရောက် စေတနာရှင်ချင်းအမျိုးသားများမှ ချင်းအမျိုးသားတပ်မတော်အတွက် လှူဒါန်းသည့် စစ်အသုံးအဆောင်ပစ္စည်း၊ ဆေးဝါးများကို လည်း ချင်းအမျိုးသားတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဟရန်းသင်ထိုက် မှ လက်ခံရယူခဲ့သည်။ သင်တန်းကာလ (၂) ပါတ်ကျော်ကြာ မြင့်ခဲ့သည်။ သင်တန်းတွင် လက်တွေ့မြေပုံအညွှန်း၊ ကွန်တိုများ၊ ခါတုလက်နက်များ ကာကွယ်ရေးကို သင်ကြားသည်။ အမျိုးသား တော်လှန်ရေး၌ ပြည်သူလူထု၏ အရေးပါပုံအခန်းကဏ္ဍကို အဓိက သင်ကြားကြသည်။ သင်တန်း နောက်ဆုံးနေ့၌ စာမေးပွဲများ ဖြေဆိုစေပြီး ပထမ၊ ဒုတိယနှင့်တတိယဆုကို စစ်ရုံးချုပ်မှ အသီး သီးရရှိသွားကြသည်။

သင်တန်းဆင်းပွဲတွင် ချင်းအမျိုးသားတပ်ဦး၊ တွဲဖက်အထွေ ထွေအတွင်းရေးမှူးချုပ် ပူးပေါလ်ဆီထာမှ အပိတ်အမှာ စကား ပြောကြားသွားသည်။ သင်တန်းဆင်း ဂုဏ်ပြု ပွဲကို ပါတီဌါနချုပ်မှ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

**သင့်ကို ချင်းလဲန်းမှ အလိုရှိသည်**

## တိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ် (၆)ချက်

(၁) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ အစည်းများ၊ နိုင်ငံရေး ပါတီများ၊ အမျိုးသမီးနှင့် လူငယ်ထုအပါ အဝင် Civil Societies တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး 'နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်' Frame work for Political Dialogue တွင် ပါဝင်မည့် အချက်အလက်များကို သဘောတူချမှတ်ရန်

(၂) ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ စုစည်းထားသော ကိုယ်စားလှယ်များ အကြား တွေ့ဆုံ ဆွေးနွေး၍ 'တွေ့ဆုံဆွေးနွေးရေးဆိုင်ရာမ မူဘောင် သဘောထား' The Framework of Political Dialogue သဘောတူညီချက် ရရှိရန်။ ထိုသို့ပြုလုပ်ရာတွင်– (က)ဘက်နှစ်ဘက်မှ လက်ခံနိုင်သော နေရာတွင် ဆွေးနွေးရန် (ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့ ထားရှိရန် နှင့်သ ဘောတူညီချက်များကို အများပြည်သူသိရှိအောင် လွတ်လပ်သော မီဒီယာများမှ တဆင့် ပူးတွဲထုတ်ပြန်ရန်။

(၃) ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင် တိုင်းရင်းသား တော်လှန်ရေး အင်အားစုများအကြား တွေ့ဆုံဆွေးနွေးပွဲမှ 'တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား' The Framework of Political Dialogue သဘောတူညီချက်ရရှိပြီးမှ သက်ဆိုင်ရာပြည်နယ် နှင့်တိုင်းအလိုက်သော် လည်းကောင်း၊ လူမျိုးအလိုက်သော် လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်းညှိနှိုင်း သဘောထားရယူသွားရန်။

(၄) တနိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ အပါအဝင် Civil Societies အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော တိုင်းရင်းသား လူမျိုးစုံ ညီလာခံတခုကို ခေါ်ယူ ကျင်းပရန်။

(၅) တိုင်းရင်းသားအင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရ လှုပ်ရှားနေကြသော နိုင်ငံရေး အင်အားစုများ၏ ကိုယ်စားလှယ်များ၊ အစိုးရ ကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားသုံးစုစလုံး လက်ခံ နိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စု ညီလာခံကြီးတရပ် ကျင်း ပသွားရန်။ ထိုညီလာခံ ကြီးမှ ချမှတ်သော သဘောတူညီချက်များကို 'တိုင်း ရင်းသား

လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘော တူညီ ချက်' Union Accord အဖြစ် သဘောတူလက်မှတ် ရေးထိုးရန်

(၆) 'တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘော တူညီချက်'UnionAccordကိုအချိန်အတိအကျသတ်မှတ် ပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

## ၂၀၁၂-တိုင်းရင်းသားလူမျိုးများညီလာခံ၏ ထုတ်ပြန်ကြေညာချက်

၁။ ယနေ့ကာလ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး၏ အဓိက အခန်းကဏ္ဍမှ ပါဝင် သော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူမျိုးများအဖွဲ့ အစည်း ပေါင်းစုံတို့၏ ပါဝင်ပါတ် သက်မှုနှင့်ညီညွတ်သော ဘုံရပ်တည်ချက်ရရှိရေးကို ဦးတည် သော ညီလာခံကြီးတရပ်ကို လွတ်မြောက်နယ်မြေတနေရာတွင် ၂၀၁၂-ခုနှစ် စက်တင်ဘာလာ ၁၄ မှ ၁၆ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယင်း ညီလာခံသို့ ပြည်တွင်းပြည်ပနှင့် နိုင်ငံ တကာရောက် တိုင်းရင်းသားအစုအဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ် တော်ပေါင်း (၁၃၀)ကျော် ပါဝင်တက်ရောက်၍ ရင်းနှီးပွင့် လင်းစွာ ဆွေးနွေးကြပြီးနောက် တိကျခိုင်မာသော ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြသည်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပဏာမအဆင့်ဖြစ်သော အပစ်အခတ် ရပ်စဲရေး အခြေခံ သဘောတူချက်ကို တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အများစုနှင့် ရရှိ ထားပြီးဖြစ်သော်လည်း နိုင်ငံရေးအရ သဘောတူချက် ရရှိနိုင်ရေးအတွက် 'နိုင်ငံရေး အရတွေ့ဆုံဆွေးနွေးရေး'ကိုမူကား ဆက်လက်ညှိ နှိုင်းရန်ကျန်ရှိ နေပေသည်။ ဤသည်တွင် ပြည်ထောင်စုအစိုးရ၏ ကြိုတင်ချမှတ် သော အချက် (၈)ချက်ပါ ပြည် ထောင်စုအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် တရားမျှတပြီး စစ်မှန်သော ငြိမ်းချမ်း ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်သဖြင့် အချက် (၆)ချက်ပါ တိုင်းရင်းသား လူမျိုးများ၏ ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ်ကို ဤညီ လာခံကြီးမှ ချမှတ်ခဲ့ရ သည်။ အဆိုပါ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှစ်ရပ်ကို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် နိုင်ငံရေးဆွေးနွေးပွဲကို အစပျိုး သွား ရမည်ဖြစ်သည်။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးနှင့် ယင်းစည်း လုံး ညီညွတ်မှုမပြိုကွဲရေးသည် ဗမာတိုင်းရင်းသား အပါအဝင် တိုင်းရင်းသားအားလုံး၏ အဓိက တာဝန်ဖြစ်သည်ဟု မိမိတို့ ယုံကြည်သည်။ ထို့ကြောင့် ထိုတာဝန်ကို ကျေပွန်စွာ ထမ်း ဆောင် နိုင်ရန် တိုင်းရင်းသားအင်အားစုများအားလုံး ပြည်ပတွင်သော် လည်းကောင်း၊ ပြည်တွင်းတွင်လည်းကောင်း၊ စဉ်ဆက်မပြတ် တွေ့ ဆုံညှိနှိုင်း တိုင်ပင်ကြရန် လိုအပ်ပေသည်။

၄။ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းအဆင့်တိုင်းတွင် အမျိုးသမီး လူငယ်အပါအဝင် Civil Society၏ အခန်းကဏ္ဍများ ကိုမြှင့်တင် သွားရန် ဤညီလာခံမှ ဆုံးဖြတ်သည်။

၅။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှု တည်ဆောက်နိုင်ရေး အတွက် တပြည်လုံးအတိုင်း အတာဆောင် သော အပစ်အခတ်ရပ်စဲရေးကို အစိုးရမှ တရားဝင်ကြေငြာရန်ဤ ညီလာခံမှ တောင်းဆိုသည်။

၆။ ကချင်ပြည်အတွင်း မြန်မာစစ်တပ်က ထိုးစစ်ဆင်မှု ပြုလုပ် နေခြင်းကြောင့် စစ်ဘေး ဒုက္ခသည် (၉)သောင်း ကျော်ရှိ နေပြီးဖြစ် သည့်အပြင် ရခိုင်ပြည်တွင်းလည်း အဓိက ရုဏ်းကြောင့် အသက် ပေါင်းများစွာ ဆုံးရှုံးခြင်း၊ အနာတရဒဏ်ရာရရှိခြင်း၊ အိုးအိမ် ဥစ္စာနေ များပျက်စီးဆုံးရှုံးမှုများအတွက် အထူးစိုးရိမ်ပူပန်ကြောင်းနှင့် ယင်း ကိစ္စများအား အစိုးရမှ အမြန်ဆုံးဖြေရှင်းရန် လိုအပ်ကြောင်းလည်း ဤညီလာခံကြီးမှ တောင်းဆိုသည်။

## CCOC ပြန်လာပြီ

အမေရိကန်နိုင်ငံအခြေစိုက် Chin Baptist Churches USA-CBCUSA ခေါင်းဆောင်များနှင့် အသင်းတော်လူကြီးများသည် နှစ်နှစ်တကြိမ်ပုံမှန်ကျင်းပသော ချင်းနှစ်ခြင်းအသင်းတော်များ၊ အမေ ရိကား၏ (၄)ကြိမ်မြောက် အစည်းအဝေး၌ စီစီအို စီ Chin for Christ in One Century- CCOC လုပ်ငန်းပြန်လည်စတင်ရန် သဘောတူညီ ကြသည်ဟု သိရသည်။ သိက္ခာတော်ရဒေါက်တာ စတင်ဖင် ဟရယ်ကီးယိုး၏ CCOC ပြန်လည်အသက်သွင်းရန် အ ဆိုပြုတင်ပြချက်အပေါ် အစည်းအဝေးတက်ရောက် သူများက ဆွေး နွေးဆုံးဖြတ်ချက်ချနိုင်ခဲ့ခြင်းဖြစ်သည်။

Zomi Baptist Convention- ZBC ၏ ဦးဆောင်မှုဖြင့် ၁၉၈၃-ခုနှစ်တွင် စီစီအိုစီ၏လုပ်ငန်းကို စတင်ခဲ့ပြီး ၁၉၉၉-ခုနှစ်တွင် လုပ်ငန်း အဆုံးသတ်ခဲ့သည်။ ထိုနှစ် များတွင် ချင်းပြည်နယ်သာမက ချင်း လူမျိုးများနေထိုင်သည့် ပြည်နယ်နှင့်တိုင်းများသို့ ပင် ခရီးဆန့်ပြီး ခရစ်တော်၏ သက်သေခံလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ထို့ ကြောင့် ခရစ်တော်၏ ကယ်တင်ခြင်းအကြောင်းကို မသိသေး ကြသူ များထံ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသတင်းကောင်း ဝေငှ သက်သေခံခြင်း လုပ်ဆောင်နိုင်ခဲ့သည်။ ထိုလုပ်ငန်းတွင် ကိုယ်ကျိုး စွန့်သာသနာ့ဝန်ထမ်းများကို အဓိက အသုံးပြုပြီး အသက်စွန့် ခဲ့သည့် ခရစ်တော် သူရဲကောင်းများစွာရှိခဲ့သည်။ ထိုစီစီအိုစီ၏ အသီး အပွင့်ဖြစ်သည့် ချင်းအမျိုးသားပေါင်း (၂၀၀၀၀)ကျော်ကို ခရစ်တော် ထံ အရောက် ပို့ဆောင်နိုင်ကြောင်း သိရှိရသည်။မကြာမီအချိန် အတွင်း အသေးစိတ်လုပ်ငန်းစဉ်များကို ချမှတ်လုပ် ဆောင်မည်ဖြစ် ကြောင်း ထပ်မံသိရသည်။